ရန်ကုန်တိုင်း၊ သန်လျင်မြို့၊
မင်းကျောင်း၊ ပထမပြန်စာသင်တိုက်မှ

**ပထမကျော်**

**သက္ကသီဟ ဓမ္မာစရိယ**

**စေတိယင်္ဂဏ ဓမ္မာစရိယ**

**အစိုးရ ဓမ္မာစရိယ သုံးဘွဲ့ရ**

## ဂုဏ်ထူးရှင် အရှင်မြတ်နှစ်ပါး
## တို့၏

# အတ္ထုပ္ပတ္တိစာတမ်း

*********

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဧပြီလ ၁၉၈၂

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊
မင်းကျောင်း၊ ပထမပြန်စာသင်တိုက်မှ

**ပထမကျော်**

သကျသီဟ ဓမ္မာစရိယ
စေတိယင်္ဂဏ ဓမ္မာစရိယ
အစိုးရ ဓမ္မာစရိယ သုံးဘွဲ့ရ

ဂုဏ်ထူးရှင် အရှင်မြတ်နှစ်ပါး

တို့၏


# အဘိဓမ္မာအဋ္ဌကထာ

✧✧✧✧✧✧✧✧

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဧပြီလ ၁၉၈၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၆၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။



ပထမကျော် သ-စ-အ ဓမ္မာစရိယ အရှင်စန္ဒိမာဘိဝံသ

ပထမကျော်+သ+စ+အ ဓမ္မာစရိယ

# အရှင်စန္ဒိမာဘိဝံသ

၏

## အတ္ထုပ္ပတ္တိ

### ဇာတိရပ်မြေ

အရှင်စန္ဒိမာဘိဝံသသည် လွတ်လပ်ရေးခေတ်၏ အကြိုနှစ်ကာလ ၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း (၁၄) ရက်၊ အင်္ဂါနေ့၊ ညစက်နာရီ (၉) နာရီတိတိအချိန်တွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ဘော်ဂလွတ်ရွာ ဦးထွေး-ဒေါ်ကြင်တို့မှ ဖွားသန့်စင်သည့် တဦးတည်းသော သားရတနာ ဖြစ်ပါသည်။

### ကျောင်းအပ်ချိန်

မိဘနှစ်ဦးသည်–

"လောကလူတွင်၊ လမ်းသို့ထင်သည်၊ ဂုဏ်အင်ပညာ၊ မရှိ ရှာက၊ စေပါလက်သုတ်၊ လွန်ညံ့ယုတ်သား၊ မိုတ်တုတ် မီးခဲ၊ မပြောင်ရဲသို့၊ ဖန်လဲခေါက်ခေါက်၊ သူ၏နောက်ဝယ်၊ ချွေးပေါက် ကျယို၊ ဖပ်ဖပ်စိုမျှ၊ သက်ပိုပန်းပင်၊ မရွှင်ပျောင်းနွမ်း၊ တသမ်း သမ်းနှင့်၊ ဝန်ထမ်းလျှော့ခတ်၊ ဖြစ်တို့တတ်ရှင့်"–

ဟူသော ဩဝါဒလင်္ကာလာ စကားအချက်ကို သဘောသက်ဝင် အမြော် အမြင်ရှိစွာဖြင့် သား၏နောင်ရေးကို မြော်တွေးကောက်ရှု၍ (၇) နှစ် သားအရွယ်တွင် ဘော်ဂလွတ်ကျောင်းဆရာတော် ဦးဇနိန္ဒထံ ပညာသင် ကြားရန် အပ်နှံကြပါသည်။

## ရှေးဦးသင်ပညာ

ဆရာတော် ဦးဇနိန္ဒသည်–

"ပထမရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်ဖျား၊ တတ်မြောက်
များမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မညှာ၊
တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်"–

ဟူသော ပျို့လင်္ကာစကားနှင့်အညီ ကျောင်းသားငယ် (မောင်စိုးသိန်း) အား နောင်တခေတ်တွင် ပွဲလယ်တင့်စေလိုသော နှလုံးသွင်း မနသိကာရဖြင့် ရှေးဦးစွာ အရေးအဖတ် အခြေခံပညာရပ်များကို သင်ကြားပေးပါသည်။ ယင်းနောက် ရှေ့သို့ဆက်၍ ရှေးထုံးစဉ်လာ ဘာသာရေးအခြေခံ စာပေများကို သင်ကြားပေးပါသည်။

### ပဗ္ဗဇ္ဇမင်္ဂလာ

မောင်စိုးသိန်းသည် (၁၂) နှစ်သားအရွယ် လူသားမြောက်ချိန်တွင် အဖိုး ဦးတက်ပြား၊ အဖွား ဒေါ်နှင်းဆီနှင့် မိဘနှစ်ပါးတို့က ပစ္စယာ-နုဂ္ဂဟဖြင့် လည်းကောင်း၊ ဆရာတော် ဦးဇနိန္ဒ–က မေ္တာနုဂ္ဂဟဖြင့် လည်းကောင်း ချီးမြှောက်သဖြင့် သာမဏေအဖြစ်သို့ ရောက်ပါသည်။

ဥပဇ္ဈာယ်ဆရာတော် ဦးဇနိန္ဒသည် အနာဂတ်သာသနာ၌ "အာကာ· သေ စန္ဒိမာ ဝ–ကောင်းကင်၌ လကဲ့သို့" ထွန်းတောက်ထင်ရှားမည့် အရိပ်နိမိတ်ဖြင့် "ရှင်စန္ဒိမာ" ဟု ဘွဲ့မည်သညာ ပေးပါသည်။

ရှင်စန္ဒိမာသည် ဥပဇ္ဈာယ်ဆရာတော် ဦးဇနိန္ဒထံ၌ပင်–

"ဇေ့မြေ့သိပ်သည်း၊ ရွှေ့ရွှေ့ဆည်းသော်၊ စရည်းအိုးခွက်၊
ကြီးစွာလျက်တည့်၊ တစက်ကျများ၊ ပြည့်သော့လားသို့"–

ဟူသော သြဝါဒလင်္ကာနှင့် အညီ ပိဋကတ်အခြေခံ စာပေများကို သင်ကြားအားထုတ်ခဲ့ပါသည်။

## အရှင်ဝဏ္ဏသိရီ အဂ္ဂမဟာအကျော်

အရှင်ဝဏ္ဏသိရီသည် ဘုရားလက်ထက်တော်အခါက ခီဏာသဝ ဆဋ္ဌာဘိညဖြစ်တော်မူသော ဖုဿမထေရ်မြတ်၏ အနာဂတံသဉာဏ်တော်ဖြင့် ရှုမျှော်ဟောကြားတော်မူခဲ့သော သာသနာ့အန္တရာယ်(၃၂)မျိုးကို တွေ့ရှိရသဖြင့် အနာဂတ်ခေတ် သာသနာရေးကိုတွေး၍ တုန်လှုပ်မိသည်၊ ရင်ခုန်မိသည်၊ စိုးရိမ်ပူပန်မိသည်။ အထူးသဖြင့် "အဂရုစမ္မေ–ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတို့၌ အလေးမပြု ဂရုမမူကြကုန်လတ္တံ့"ဟု ဆိုသော အချက်ကို ပို၍သာ တုန်လှုပ်ရင်ခုန် စိုးရိမ်ပူပန်မိပါသည်။

ထို့ကြောင့် သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက်သို့ အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော စာသင်သားတို့အား ယထာ-ဗလ ယထာသတ္တိ စွမ်းအားရှိသလောက် ပရိယတ္တိစာပေကို ပို့ချတော်မူပါသည်။

### ပထမပြန်စာသင်တိုက်သို့

ရှင်စန္ဒိမာသည် ၁၃၂၄-ခုနှစ် နယုန်လတွင် အရှင်ကုသလ (သာသန-ဓဇ ဓမ္မာစရိယ) နှင့် ဆက်သွယ်၍ ဘော်ဂလွတ် ဆရာတော်ဘုရား၏ ပို့ဆောင်မှုကြောင့် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်သို့ ရောက်ရှိလာပါသည်။

ပထမပြန်စာသင်တိုက်၌ ပဓာန နာယကဆရာတော် အရှင်ဝဏ္ဏသိရီ (အဂ္ဂမဟာအကျော်)နှင့် စာချဆရာတော်များ ဖြစ်တော်မူကြသော–

(က) အရှင်ကုသလ (သာသနဓဇ ဓမ္မာစရိယ)

(ခ) အရှင်ဣန္ဒာစာရ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)

(ဂ) အရှင်နန္ဒမာလာ (သာသနဓဇ ဓမ္မာစရိယ)

(ဃ) အရှင်ကေသရ (မူလဓမ္မာစရိယ)–

တို့ထံတွင်.... ပထမပြန် စာပေများကို သင်ကြားအားထုတ်ခဲ့ပါသည်။

သင်ကြားအားထုတ်ရာ၌—

"သု,စိ,ပု,ဘာ၊ ဝိ,လိ,သိ,ဓာ၊ အက္ခရာစုံသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းသင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လှံ့လပြင်းစွာ၊ သူထက်ငါဟု၊ နှုတ်မှာရွရွ၊ ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊ အထူးသိမြင်၊ ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်စောပဲ၊ တိမ်မှာလွဲအံ့"—

ဟူသော လင်္ကာ၏ နည်းညွှန်လမ်းပြသြဝါဒကို လိုက်နာကျင့်သုံးအားထုတ်ခဲ့ပါသည်။

ထို့ကြောင့် (၁၇) နှစ်အရွယ် သာမဏေ ရှင်စန္ဒိမာသည် ၁၃၂၅-ခုနှစ် တော်လှန်ရေးအစိုးရ ပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ တပြည်လုံး၌ (ဒုတိယ) ဂုဏ်ထူးဖြင့်လည်းကောင်း၊ ၁၃၂၆-ခုနှစ်တွင် ပထမလတ်တန်းကို ဆက်လက်ဖြေဆိုရာ တပြည်လုံး၌(တတိယ) ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်တော်မူခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

ရှင်စန္ဒိမာသည် ၁၃၂၈-ခုနှစ် နယုန်လဆုတ်(၂)ရက်၊ တနင်္ဂနွေနေ့တွင် သန်လျင်မြို့၊ မင်းကျောင်း၊ ပထမပြန် စာသင်တိုက် ခဏ္ဍသိမ်တော်၌ ဆရာရင်းဖြစ်တော်မူသော ဘော်ဂလွတ်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ စူနီရိပ်သာ၊ ခြံ- ၂-နေ၊ ဦးတင်နွယ် - ဒေါ်ကြည်ကြည် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် (ပထမအကြိမ်) ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

၁၃၂၉-ခုနှစ် တန်ခူးလတွင် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ မီးပြရွာ၊ ခဏ္ဍသိမ်တော်၌ မီးပြရွာ (ရွာသူကြီး) ဦးခွန်သိန်း-ဒေါ်စန်း၊ သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် (ဒုတိယအကြိမ်) သိက္ခာတင်၍—

၁၃၄၂-ခုနှစ် တပေါင်းလဆုတ်(၈) ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ ဘော်ဂလွတ်ရွာ၊ ဦးလုံး-ဒေါ်အုန်းရီ သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် (တတိယအကြိမ်) ထပ်မံ၍ သိက္ခာတင်တော်မူပါသည်။

## ပထမကျော်

အရှင်စန္ဒိမာသည် ၁၃၂၈-ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ပထမကြီး တန်းကို ဝင်ရောက်ဖြေဆိုရာ စာဖြေပုဂ္ဂိုလ် (၂၁၀၅) ပါး၊ စာအောင် ပုဂ္ဂိုလ် (၃၁၁)ပါး ရှိသည့်အနက် အမှတ်အများဆုံး ရရှိသဖြင့် (ပထမ ကျော်) ဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်တော်မူပါသည်။

## သ-စ-အ-ဓမ္မာစရိယ

အရှင်စန္ဒိမာသည် "ပရိယတ္တိ သာသနာတော်အား မျိုးရိုးစဉ်ဆက်ကို စောင့်ရှောက်သော (ပဝေဏိပါလက) နွားမနှင့်တူသည်၊ တမျိုးအားဖြင့် ဥစ္စာနေရာပြ ကမ္ပည်းကျောက်စာတိုင်နှင့်တူသည်၊ တမျိုးအားဖြင့် ကန် ဘောင်ရိုးနှင့်တူသည်" ဟူသော အဋ္ဌကထာပြ ဥပမာများအရ- ပရိယတ္တိ သည်သာလျှင် သာသနာတော်၏ မူလဖြစ်သည်၊ ပင်မအကြောင်းရင်း ဖြစ်သည်ဟု စွဲမှတ်ယုံကြည်ပါသည်။

ထို့ကြောင့် သာသနာ့အာဇာနည် ရှေးဆရာ အဆက်ဆက်တို့ကဲ့သို့ သာသနာ့မြေ၌ အရိုးမြှုပ်နှံ၍ သာသနာတော်၏ အကျိုးကို တိုး၍ တိုး၍ ဆောင်ရွက်ရန် ဟူသော ရည်သန်ချက်ဖြင့် ဆရာသခင်တို့၏ လမ်းညွှန် ချက်အရ မန္တလေးမြို့ မြတောင်တိုက် ပဒေသာရွှေကျောင်းသို့ ၁၃၃၀-ခုနှစ်၊ နယုန်လဆန်း (၃) ရက်နေ့တွင် ပြောင်းရွှေ့ကာ စာသင်တန်း, စာချတန်းဆိုင်ရာ အထက်တန်းစာပေများကို အောက်ပါဆရာတော်များ ထံတွင် သင်ကြားလေ့လာ ဆည်းပူးတော်မူပါသည်။

မန္တလေးမြို့ မြတောင်တိုက် သမ္ဗုတစာချကျောင်းဆရာတော် ဦးကေ- လာသာဘိဝံသ (သက္ကျသီဟဓမ္မာစရိယ)၊

ရွှေဝါဝင်းကျောင်း ဆရာတော်၊ ဦးသာသနာဘိဝံသ (သကျသီဟ ဓမ္မာစရိယ)၊

မဏိရတနာကျောင်း ဆရာတော် ဦးအာစိဏ္ဏာဘိဝံသ (သကျသီဟ ဓမ္မာစရိယ)၊

မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်း ဆရာတော် ဦးရာဇဓမ္မာဘိဝံသ သကျသီဟဓမ္မာစရိယ)၊

ပိဋကနယ်ပူပဒေသကျောင်း ဆရာတော် ဦးကောဝိဒါဘိဝံသ (သ+(စ+အ-ဓမ္မာစရိယ)၊

ပေါက်မြိုင်တိုက် ဆရာတော် ဦးအဂ္ဂဝံသာဘိဝံသ (သကျသီဟ ဓမ္မာ-စရိယ) ဆရာတော်များထံ သင်ကြားလေ့ လာဆည်းပူးတော်မူခဲ့ပါသည်။

ထိုသို့ ဆည်းပူးလေ့လာပြီးနောက် စာမေးပွဲများကို ဆက်လက် ဖြေဆိုရာ–

၁၃၃၂-ခုနှစ်၌ ရန်ကုန်မြို့ စေတိယင်္ဂဏစာသင်တန်းကို လည်းကောင်း၊


၁၃၃၃-ခုနှစ်၌ မန္တလေးမြို့ သကျသီဟစာသင်တန်း (ဒုတိယဂုဏ်ထူး) ကို လည်းကောင်း၊

၁၃၃၄-ခုနှစ်၌ အစိုးရဓမ္မာစရိယတန်း ကျမ်းရင်းသုံးကျမ်းကို အောင်မြင်သဖြင့် (သာသနဓဇ ဓမ္မာစရိယ) ဘွဲ့ကိုလည်းကောင်း၊

၁၃၃၈-ခုနှစ်၌ ရန်ကုန်မြို့၊ စေတိယင်္ဂဏစာချတန်းကို (တပါးတည်း) အောင်မြင်သဖြင့်(စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက) ဘွဲ့ကိုလည်းကောင်း၊

၁၃၃၉-ခုနှစ်၌ မန္တလေးမြို့၊ သက္ကျသီဟစာချတန်းကို အပြီးအစီး အောင်မြင်သဖြင့် (အရှင်စန္ဒိမာဘိဝံသ-ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ) ဘွဲ့ကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိ အောင်မြင်တော်မူခဲ့ပါသည်။

မန္တလေးမြို့၌ ပိဋကတ်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို လေ့လာ ဆည်းပူး အောင်ပန်းဆွတ်ခူးပြီးနောက် ၁၃၃၉-ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပင်မအခြေခံ မိခင်တိုက်ရင်းဖြစ်သော သန်လျင်မြို့၊ မင်းကျောင်း၊ပထမပြန်စာသင်တိုက်သို့ ပြန်လည် သီတင်းသုံးတော်မူလျက် ပဓာန နာယကဆရာတော်ဘုရား၏ ဩဝါဒနှင့်အညီ စာသင်သား ရဟန်း၊ သာမဏေတို့အား စာပေချပို့ သာသနာပြုလျက် ရှိသည့်ပြင် သန်လျင်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။



ပထမကျော် သ-စ-အ ဓမ္မာစရိယ အရှင်ဣန္ဒာစာရာဘိဝံသ

ပထမကျော်+သ+စ+အ–ဓမ္မာစရိယ

# အရှင်ဇာနန္ဒာစာရာဘိဝံသ

၏

## အတ္ထုပ္ပတ္တိ

အရှင်ဇာနန္ဒာစာရာဘိဝံသ၏ အတ္ထုပ္ပတ္တိစာတမ်းမှာ ရိုးရိုးအတ္ထုပ္ပတ္တိ စာတမ်းမျှသာ မဟုတ်ပဲ ချီးကျူးစကားတို့ ရောနှောပါဝင်သော ဒ-တ္ထုပ္ပတ္တိ စာတမ်းဖြစ်ပါသည်။

ယင်းသို့ ရောနှောပါဝင်သော ချီးကျူးစကားများ၌ အတိဝုတ္တ ဒေါသသင့်သည်၊ မလွတ်ကင်းဟု မယူဆထိုက်ပါ၊ အတိဝုတ္တဒေါသ မသင့်၊ လွတ်ကင်းသည်ဟုသာ ယူဆထိုက်ပါသည်။

ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော-ဟူသော စကားအရ ဘုရားရှင်၏ အဖြစ်သည် ဖြစ်ခဲ၊ ရခဲပါသည်။ ပါရမီတော်ကို ကမ္ဘာပေါင်း အသင်္ချေ အနန္တ ဖြည့်ဆည်း ကျင့်ကြံကြိုးကုတ် အားထုတ်မှသာ ဘုရားအဖြစ်ကို ရပါသည်။

ဘုရားဖြစ်ရန် ခဲယဉ်းသည်နှင့်အမျှ ဘုရားရှင်၏ သာသနာတော် ပေါ်ပေါက်လာခြင်းမှာလည်း ဖြစ်ခဲ၊ရခဲပါသည်။ ထို့ကြောင့် သာသနာတော်သည် ချီးမွမ်း၍ မကုန်နိုင်ပါ။

ဤ အရှင်ဇာနန္ဒာစာရာဘိဝံသ သည်လည်း ထိုချီးမွမ်း၍ မကုန်ဆုံးနိုင်သည့် သာသနာတော်၏ ဝန်ထမ်း ရဟန်းတော်ဖြစ်ပါသည်။

သာသနာ့ဝန်ထမ်း ဖြစ်သည့်အားလျော်စွာ စတုပါရိသုဒ္ဓိသီလတည်းဟူသော ရဟန်းကျင့်ဝတ်နှင့်လည်း ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ပါသည်။

ကျင့်ဝတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်သဖြင့် "ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏" ဟုစပ်ဆိုထားသော ကိုးခန်းပျို့လင်္ကာစကားအရ လူနတ်ဦးခိုက် ပူဇော်ထိုက်သောပုဂ္ဂိုလ်စာရင်းဝင်လည်းဖြစ်ပါသည်။ ထို့အပြင်—

"ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ" –

ဟူသော ဓမ္မပဒဒေသနာ၊

"ထွန်းထွန်းကားကား၊ ယောကျ်ားတဆူ၊ ထိုသသူလျှင်၊လူ၌
သော်လဲ၊ လွန်ရခဲ၏"—

ဟူသော ကိုးခန်းပျို့တို့နှင့်အညီ ဉာဏ်ထူး ပါရမီထူးနှင့် ပြည့်စုံသဖြင့်ဖြစ်ခဲ၊ရခဲ၊ ပေါ်ပေါက်ခဲသော အာဇာနည်ပုဂ္ဂိုလ်တဦးလည်း ဖြစ်ပါသည်။

ယင်းသို့သော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မဆိုထားဘိ လူ့လောကလူသား ကာမဘောဂီ မင်းမိဖုရားကိုပင် ချီးကျူးဖွယ်ရာ မကျန်အောင်—

"ဟူးဟူးကွန့်မြူး၊ တန်ခိုးဘုန်းကို၊ အနန္တ်းယူယူ၊ ဤမျှဟူ၍၊
ဂဏ္ဍူပဒေ၊မငို့တွေကြောင့်" –

ဟူ၍ ရကန္တာပုံတည် ဘုန်းတော်ဘွဲ့ မော်ကွန်းတွင်လည်းကောင်း —

"တေဇော်နိုသင်၊ အတင်တင်ကို၊ ကုန်စင်ပြောပ၊ ချီးမွမ်းရမူ၊
ပြုသမုဒ်ရေ၊ ပေပထဗျာ၊စုတ်မှာနေရုံ၊လုံးစုံမလောက်၊ ဆုံးကုန်
ပျောက်၍၊ မောက်လိမ့်ဂုဏ်တော်" –

ဟူ၍ မင်္ဂလာချောင်းတွင်လည်းကောင်း ရှေးကဝိပညာရှင်တို့ ချီးကျူးဖွဲ့ဆိုထားပါသည်။

ထို့ကြောင့် အရှင်ဣန္ဒာစာရာဘိဝံသ၏ အတ္ထုပ္ပတ္တိ စာတမ်းတွင်ပါဝင်သော ချီးကျူးစကားများ၌ အတိဝုတ္တဒေါသ မသင့်၊ လျှောက်ကင်းပါသည်။

အရှင်ကုန္ဒာစာရာဘိဝံသ-သည် ရန်ကုန်တိုင်း(ယခင်-ဟံသာဝတီခရိုင်) ခရမ်းမြို့နယ်၊ အေးရွာ ဇာတိဖြစ်၍ ခမည်းတော်-မယ်တော်တို့မှာ ဦးခင်မောင်နှင့် ဒေါ်စိန်စိန်တို့ ဖြစ်ကြပါသည်။

သာသနာတော်နှစ် ၂၄၉၅-ခု၊ မြန်မာသက္ကရာဇ် ၁၃၁၃-ခုနှစ်၊တပို့တွဲလပြည့်ကျော် (၁၄)ရက်၊ တနင်္ဂနွေနေ့ ညဉ့်(၉)နာရီတိတိ ကောင်းမြတ်သော မင်္ဂလာအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

အမည်သညာ ခေါ်စရာကို "မောင်အောင်ကြည်" ဟု မှည့်ခေါ်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၃၁၈-ခုနှစ် မောင်အောင်ကြည်သည် ပညာသင်စခြောက်နှစ်သားအရွယ်သို့ဆိုက်ရောက်သောအချိန်တွင်မိဘနှစ်ဦးတို့သည်—

သကျရူပံ ပုရေ သန္တံ၊ မယာ သိပ္ပံ န သိက္ခိတံ။
ကိစ္ဆာ ဝုတ္တိ အသိပ္ပဿ၊ ဣတိ ပစ္ဆာနုတပ္ပတိ။

ငယ်ရွယ်နုနယ်သောရှေးအခါက ထင်ရှားရှိသောဆရာသမားကို ဆည်းကပ်မှီဝဲ၍ သင်ကြားခြင်းငှါ စွမ်းဆောင်နိုင်သော သဘောရှိပါလျက် ငါသည် အတတ်ပညာကို မသင်ကြားမိခဲ့၊ အတတ်ပညာမရှိသော ငါ့အား အသက်မွေးမှုရခြင်းသည် ဆင်းရဲငြိုငြင်ရ၏။ ဤသို့ ကြီးမားအိုမင်းသောနောင်အခါ၌ အဖန်တလဲလဲ စိုးရိမ်ပူပန်ရ၏—ဟူသော ဒွါဒသနိပါတ်ဇနသန္ဓဇာတ်လာစကား၏ အဓိပ္ပါယ်ကိုလည်းကောင်း၊

"သကျရူပံ၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ တတ်ကောင်းပါလျက်၊ ဝိဇ္ဇာ သိပ္ပ၊ လူ့ကိစ္စကို၊ ငယ်က မသင်၊ ပျော်ပါးလင်မူ၊ အကြင်သူအား၊ စကားချေတင်၊ သဘင်မပြဲ၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၏"—

ဟူသော ကိုးခန်းပျို့လာ စကား၏အဓိပ္ပါယ်ကိုလည်းကောင်း သိရှိသဘောပေါက်၍ အေးရွာ၊ အစိုးရမူလတန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြကြည်ထံအပ်နှံခဲ့ပါသည်။ မောင်အောင်ကြည်သည် ဆရာမကြီး ဒေါ်မြကြည်ထံတွင်—

"ယယ်စဉ်ကလျှင်၊ သိပ္ပပညာ၊ ဆည်းပူးရာ၏"—
ဟူသောဥတိန္နပျို့၊

"ပထမအရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်
မြောက်မြားမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်
မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်"—

ဟူသော ကိုးခန်းပျို့လာ အဆိုအမိန့်အတိုင်း မူလတန်းပညာ ကုန်ဆုံး အောင်မြင်သည်အထိ ပညာသင်ကြားခဲ့ပါသည်။

မောင်အောင်ကြည်သည် ၁၃၂၃-ခုနှစ်၊(၁၁)နှစ်သားအရွယ်သို့ရောက် သောအခါ ဗုဒ္ဓ၏မြေးတော်အဖြစ် သာမဏေဘဝသို့ ရောက်ရှိရန် အခွင့် အလမ်း ရရှိခဲ့ပါသည်။ ယင်းအခွင့်အလမ်းကား မိဘနှစ်ဦးသည် မောင် အောင်ကြည်အား မူလတန်းလောကီကျောင်းမှနုတ်၍ အေးရွာဆရာတော် ဦးကေသရ၏ လောကုတ္တရာကျောင်းသို့ ပြောင်းရွှေ့ အပ်နှံခြင်းပင် ဖြစ်ပါသည်။

မိဘနှစ်ဦးသည် တဦးတည်းသောသားပင် ဖြစ်လင့်ကစား သာသနာ ရေးနှင့် သားသံယောဇဉ်အရေး နှစ်မျိုးတွင် သာသနာရေးကိုသာ ရှုတွေးခဲ့ပါသည်၊ ဦးစားပေးခဲ့ပါသည်။ထို့ကြောင့်ပင် အေးရွာဆရာတော် ဦးကေသရထံ ပြောင်းရွှေ့အပ်နှံခြင်း ဖြစ်ပါသည်။

ဤနေရာ၌ မိဘနှစ်ပါးသည် အခြားသော သားသမီးရှင် မိဘများ၏ ထုံးတမ်းဓမ္မတာနှင့် ဆန့်ကျင်သည်ဟု ဆိုရမလောက် ဖြစ်ပါသည်။ မှန်ပါသည်၊ စတုဓမ္မသာရ ကိုးခန်းပျို့တွင် မိဘတို့၏ ဓမ္မတာသဘောကို—

"မအိမသာ၊ ပူဆာပျောင်းပျ၊ ကြောင့်ကြရှိကြိုက်၊ ကိုယ်လုံး
ဟိုက်လည်း၊ ဖက်ပိုက်ရင်ခွင်၊ ရွှေတွင်ထားလည်း၊ ရှုပျော်ပါး၍၊
သား၏ရုပ်ရည်၊ သီဒါမည်သား၊ ရေကြည်ချမ်းမြ၊ တပေါက်
ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းဖြင့်" —

ဟု ဤသို့စပ်ဆိုထားပါသည်။

မိဘတို့မှာ ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ဖြင့် ခံစားနေရ၍ မရှင်မလန်း ပင်ပန်းနွမ်းဟိုက်နေရစေကာမူ သိဒ္ဓါရေစင်နှင့်တူသော သားသမီးကို ရှေ့တွင်ထား၍ ကြည့်နေရပါမူ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဒုက္ခတို့ ငြိမ်းအေးသွားသည်။

ထို့ပြင် ဟတ္ထိပါလပျို့၌—

"ထိုထိုဤမျှ၊ သွားလေကလျှင်၊ ကြာလှစနိုး၊ မျှော်လင့်စိုးလျက်၊ ချစ်ကြိုးမရှိ၊ တောထွက်ဘိမူ၊ မချိသေမြော၊ ပြတ်မိန်းမောအံ့"—

ဤသို့ စပ်ဆိုထားပါသည်။

မိဘတို့ ဓမ္မတာသဘောမှာ သားသမီးတို့အား မျက်စိအောက်မှ အပျောက်မခံချင်၊ အကယ်၍ အရပ်တပါးသို့ ခေတ္တကလေးမျှ သွားပါလျှင် ကြာလွန်းလှသည်ဟု တစိုးရိမ်ရိမ်နှင့် မျှော်လင့်နေပါသည်၊ စောင့်စားနေပါသည်။ အကယ်၍များ ရဟန်းပြုသွားပါလျှင် မချိမဆံ့ သောကဝေဒနာကို ခံစားရသည်။

ထို့ပြင် ကိုးခန်းပျို့၌ပင်—

"ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘတထွာ၊ သားတကာနှင့်၊ တရာသက်ကဲ၊ လည်ချင်းနွဲ့လျက်၊ ရှောင့်ရဲမထင်၊ စုံမက်ချင်လျက်၊ ဖြုတ်ခြင် ကိုက်နာ၊ မှုရှိမာမျှ၊ ရံခါတဆစ်၊ မဖြစ်စေလျက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊ ဝတ်တုစံပ၊ ဆောင်ရွက်စသား၊ ကုံငြဖြည့်တင်း၊ ဖြန့်ဖြူးခြင်းကြောင့်၊ မကင်းရေမိုး၊ ဥယျာဉ်ပျိုးသို့"—

ဟူ၍ စပ်ဆိုထားပါသည်။

မိဘတို့ သဘောသည် ရင်သွေးဖြစ်သော သားသမီးတို့ အပေါ်၌ လွန်စွာချစ်ခင် ကြင်နာလျက် မလှဲ့သာ လှဲ့သာ ခေတ္တခဏ ကွဲကွာသွားသည်ကိုပင် အလွန်တရာ စိုးရိမ်လှ၏။ သားသမီးတို့ ရုပ်သွင်ကို မမှိတ်သော မျက်စိဖြင့် တစိမ့်စိမ့် ရှုကြည့်၍ နေလိုသော ဆန္ဒရှိ၏။ ပန်းဥယျာဉ်

ကို ပျိုးသောသူကဲ့သို့ သားသမီးတို့၏ အရိပ်ကိုသာ နေ့စဉ်ကြည့်ရှု၍ ပြုစုပျိုးထောင်၍သာ နေလိုသော ဆန္ဒသာရှိ၏။

ထို့ကြောင့် အရှင်ဇလ္လန္ဒာစာရာဘိဝံသ လောင်းလျာ၏ မိဘနှစ်ဦးသည် အခြားသော သားသမီးရှင် မိဘများ၏ ထုံးတမ်းဓမ္မတာနှင့် ဆန့်ကျင်သည်ဟု ဆိုရမလောက်ဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

အေးရွာ ဆရာတော် ဦးကေသရသည် တပည့် မောင်အောင်ကြည်၏ အငယ်အသေးကိုကြည့်၍ ပရိယတ္တိ အခြေခံကျမ်းစာများကို သင်ကြားပို့ချတော်မူခဲ့ပါသည်။

ဆရာတော် ဦးကေသရ၏ ခြေတော်ရင်းသို့ရောက်ပြီး နောက်တနှစ် ၁၃၂၄-ခုနှစ်တွင် မိဘနှစ်ဦးသည် "သမ္မာဓေ ဃရာဝါသော ရဇပထော" ဟု သုတ်သီလက္ခန် ဒေသနာတော်လာသည့်အတိုင်း အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေခြင်းသည် ပြုဖွယ်ကိစ္စ ကြောင့်ကြထွေထွေ များသဖြင့် ကုသိုလ်ကောင်းမှု ပြုဖို့ရန် အခွင့်အလမ်း နည်းပါးသည်။ ကျဉ်းမြောင်း ကျပ်တည်းသည်။ အမှိုက်ပုံရာဌာနကဲ့သို့ တစုံတရာ အတားအဆီးမရှိ လာလာသမျှသော ကိလေသာမြူမှုန် ဖုန်အညစ်အကြေးတို့၏ စုဝေးရာ ဖြစ်သည်ဟု ဃရာဝါသ၏ ဆိုးကျိုးဆိုးပြစ်ကို မြင်ကြသည်။ ထို့ကြောင့် မိမိတို့၏ ရင်သွေးအား လူ့ဘောင်၌ မနေစေလို၊ သာသနာတော်၏ အရိပ်အာဝါသ၌သာ ခိုလှုံစေလိုသော ဆန္ဒရှိကြလေသည်။

မောင်အောင်ကြည် ကိုယ်တိုင်ကလည်း—

"မင်္ဂလာဆောင့်ပွင့်ရာ၊ သာသနာတော်၏၊ အရိပ်သော်ကား၊
အဟော် ဝတ၊ ဘယ်မျှ မပြိုင်၊ အေးမျိုးမြိုင်၏" –

ဟူသော ဥတိန္နပျို့လာ စကားနှင့်အညီ မည်သည့် အအေးမျိုးမျှ မယှဉ်ပြိုင်နိုင်သော သာသနာတော်၏ အေးမြသည့်အရိပ်၌သာ ခိုလှုံလိုသော ဆန္ဒဓာတ် ရှိပါသည်။

ထို့ကြောင့် ၁၃၂၄-ခုနှစ် တပေါင်းလပြည့်ကျော် (၁၂) ရက်နေ့တွင် ဆရာတော် ဦးကေသရထံ၌ပင် မိဘနှစ်ပါးတို့က ပဗ္ဗဇ္ဇမင်္ဂလာ ဆင်ယင် ကျင်းပ၍ ချီးမြှောက်သဖြင့် သာမဏေဘဝသို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်သညာမှာ– "ရှင်ဣန္ဒာစာရ" ဖြစ်ပါသည်။

သာမဏေဘဝသို့ ရောက်ရှိသောအခါ ဆရာတော် ဦးကေသရ သည် တပည့် ရှင်ဣန္ဒာစာရအား သာမဏေ၏ အကျင့်သိက္ခာ ဝိနည်းနှင့် ပရိယတ် ပဋိပတ်၏ အခြေခံ စာပေများကို သင်ကြားပို့ချတော်မူခဲ့ ပါသည်။

မြန်မာ သက္ကရာဇ် ၁၃၂၄-ခုနှစ် တန်ခူးလသို့ ရောက်သောအခါ ရှင်မောဂ္ဂလိပုတ္တတိဿသာမဏေသည် အရှင်သိဂ္ဂဝ မထေရ်ထံမှ အရှင် စန္ဒဝဇ္ဇီ မထေရ်ထံသို့ ပညာဆက်လက်ဆည်းပူးရန် သွားသည့်ထုံး နှလုံးမူ၍ ဆရာတော် ဦးကေသရသည် တပည့် ရှင်ဣန္ဒာစာရ၏ ပညာရည် တိုးတက် မှုကို လိုလားတော်မူသဖြင့် ရန်ကုန်မြို့ ဘုရားကြီးကျောင်းတိုက်သို့ ပို့ဆောင်ခဲ့ပါသည်။

ဘုရားကြီး ကျောင်းတိုက်သို့ ရောက်သောအခါ ဇေယျသုခကာရီ ကျောင်း ဆရာတော် ဦးဇဋိလထံတွင် "မောဃကာလံ န ခီပယေ့" ဟူသော စကားအရ အချိန်နာရီကို အချည်းနှီး အကျိုးမဲ့ မကုန်စေပဲ–

"အိုးဝယ်စမ်းပေါက်၊ ကျရောက်သောနည်း၊ ဖြည်းဖြည်း သိမ်မွေ့၊ရက်နေ့ ပွားပွား၊ ဆည်းပူးများသော်၊ ညွန့်များအညှောက်၊ မြေကပေါက်လျက်၊တောင်လောက်နိုင်းရှည့်၊ကောင်းကင်ပြည့်၏"

ဟူသော ဥတိန္နသျှို့လာ စကားနှင့်အညီ အိုးမှစမ်းပေါက် စမ်းရေကျ သောနည်းကို မှီးယူ၍ ပဒရူပသိဒ္ဓိ ပါရာဇိကဏ် စသော ကျမ်းစာများကို သင်ကြားခဲ့ပါသည်။

၁၃၃၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း မူလဆရာတော် **ဦးကေသရ**၏ စီစဉ်ချက်ဖြင့် ရန်ကုန်မြို့ ဘုရားကြီးတိုက်မှ သန်လျင်မြို့ **မင်းကျောင်း** ပဿမပြန်စာသင်တိုက်သို့ ရောက်ရှိခဲ့ပါသည်။

မင်းကျောင်းတိုက်ရှိ **ဂဏဝါစက ဓမ္မာစရိယ စာချဆရာတော်များ** ဖြစ်ကြသော အရှင်ကုသလ၊ အရှင်ဝဏ္ဏသိရီ၊ **အရှင်ဋ္ဌာနဒ္ဓာ**၊ **အရှင်** နန္ဒမာလာတို့ထံတွင် ပထမငယ်တန်းဆိုင်ရာ စာပေများကို သင်ကြား အားထုတ်ခဲ့ပါသည်။

မင်းကျောင်း ပဿမပြန် စာသင်တိုက်သို့ ရောက်သည့် မြန်မာ သက္ကရာဇ် ၁၃၃၀-ပြည့်နှစ်၊ ခရစ်နှစ် ၁၉၆၉-ခုနှစ်၌ ပထမငယ်တန်းစာမေး ပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာ တနိုင်ငံလုံး ဖြေဆိုအောင်မြင်သူ ၁၂၆၅-ပါး ထဲမှ အမှတ်အများဆုံးဖြင့် **ပထမ** ရရှိကာ **အောင်မြင်ခဲ့ပါသည်။**

ထို့နောက် မြန်မာသက္ကရာဇ် ၁၃၃၁-ခုနှစ်၊ ခရစ် ၁၉၇၀-ပြည့်နှစ်တွင် ပထမလတ်တန်းကို ဝင်ရောက်ဖြေဆိုရာ တနိုင်ငံလုံး ပထမလတ်တန်း ဖြေဆိုအောင်မြင်သူ ၇၃၄-ပါးထဲတွင် အမှတ်အများဆုံးဖြင့် **ပထမရရှိကာ** **အောင်**မြင်ခဲ့ပြန်ပါသည်။

ရှင်ဋ္ဌာနဒ္ဓာရသည် သာမဏေဘဝ ရောက်ပြီးသည့် နောက်တွင်–

"သုမေဓာသည်၊ ရွှေဗျာဒိတ်ရ၊ ခံသည်မှလျှင်၊ လောက သင်းကျစ်၊ ဖြစ်သည်တိုင်အောင်၊ မြားမြောင်တွက်ရေ၊ လေး သင်္ချေနှင့်၊ သိန်းနေကမ္ဘာ၊ ဝေးတောင်းကွာလည်း၊ သာသနာ ဥတ်စစ်၊ သာရနှစ်၌၊ ကိုးဖြစ်မျှသာ၊ ကြုံကြိုက်ပါဟု၊ ကျမ်းလာ မိန့်ညွှန်၊ မှန်လှလွန်၏"–

ဟု ဥတိန္နပျို့၌ လာသည်အတိုင်း အလောင်းတော်မြတ်သော်မှ ကိုးကြိမ် မျှသာ ရရှိခဲ့သည့် ပဗ္ဗဇိတဒုလ္လဘကို မျှော်မှန်းခဲ့ပါသည်။

မျှော်မှန်းရာတွင်သာမက–

ယုဝါ စရေ ဗြဟ္မစရိယံ၊ ဗြဟ္မစရိယံ ယုဝါ သိယာ။

ယုဝဿ ဗြဟ္မစရိယံ၊ တံ ဗုဒ္ဓေဟိ ဝဏ္ဏိတံ–

ဟူသော တေမိယဇာတ်၊

> "**တောင်ညွန့်ကုန်းထက်**၊ ကမ်းရိုးသက်ဝယ်၊ **အနက်ပြည့်ဖြိုး**၊ ရေပြည့်အိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ထမ်းသည့်၊ လူစွမ်း သဖွယ်၊ ပျိုနုရွယ်က၊ စင်ကြယ်သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်း လေငြား၊ ထိုသူအားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှကြည်ညို၊ ချီးမွမ်းဆို၏" –

ဟူသော ကိုးခန်းပျို့ တို့နှင့်အညီ နုနယ်ငယ်ရွယ်စဉ်က ရဟန်းပြုခြင်းကို ဘုရားအစရှိသော ပညာရှိတို့ ချီးမွမ်းသည်ကို သိရှိသဖြင့် ရဟန်းပြုချိန်ကို ပြင်းထန်သော ဆန္ဒဖြင့် စောင့်နေခဲ့ပါသည်။

ယင်းသို့ မျှော်မှန်းခဲ့ စောင့်စားခဲ့သည့်အတိုင်း ရဟန်းပြုချိန် ၁၃၃၃-ခုနှစ်၊ နယုန်လဆန်း ၆-ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ ၂၀-လမ်း၊ အမှတ် ၁၇၅-နေ ဦးသန်း-ဒေါ်တင်ကြည်တို့က သာသနဒါယကကုသိုလ်ရှင် အဖြစ်ဖြင့်လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏ(အဂ္ဂမဟာ-ပဏ္ဍိတ) ဘုရားကြီးတိုက် ခြောက်ထပ်ကြီး ဆရာတော် အမှူးရှိသော ကာရက သံဃာတော် (၅၀၀) တို့က သာသနာဘိသေကမင်္ဂလာဖြင့် လည်းကောင်း ချီးမြှောက်သဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ (ပထမအကြိမ်) ရောက်တော်မူသည်။

၁၃၃၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်း သန်လျင်မြို့ မင်္ဂလာလမ်း အမှတ် ၂၀-နေ ဒေါ်သိန်းရင်နှင့် သမီး မလှရီ၊ မသန်းနွဲ့တို့၏ ပစ္စယာနုဂ္ဂဟာချီးမြှောက်မှု၊ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် အရှင်ဝဏ္ဏသိရီ (အဂ္ဂမဟာအကျော်) အမှူးပြုသော သံဃာတော်တို့၏ ဓမ္မာနုဂ္ဂဟ ချီးမြှောက်မှုဖြင့် (ဒုတိယ အကြိမ်)ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည် ။

ပါရမီသမ္ဘာရသေးနုပ်၍ စိတ္တ, ဝီရိယပျော့ညံ့သော သူတို့မှာ မိမိ၌ အထိုက်အလျောက် အသိပညာရှိကာမျှဖြင့်ပင် တင်းတိမ်အားရ၍ အထက် အထက် တတ်မြောက်ဖွယ်ရှိသော လမ်းစခန်းသို့ ရောက်အောင် စိတ် မကူးပဲ ပေါ့လျော့သော ဝီရိယဖြင့်သာ နေတတ်သောသဘောရှိပါသည်။ အရှင်ဣန္ဒာစာရသည်ကား ထိုသို့ သဘောမရှိပဲ ပါရမီရင့် သမ္ဘာမြင့်၍

အဆင့်ဆင့် တိုးတက် အားထုတ်လိုသော စိတ်ဆန္ဒ ဝီရိယ ရှိတော်မူခဲ့ပါသည်။

ထို့ကြောင့် ဓမ္မာစရိယ စာချဆရာတော်များထံတွင် –

သဒ္ဒါမသန် မောဂ္ဂလာန်၊ အနက်မသန် အဘိဓာန်၊ ဝိဂ္ဂိုဟ်မင်း ဂဏ္ဌိနှုန်ပျို့-ဟူသော ဆိုရိုးစကားအရ ဥတိန္နပျို့တွင် –

"ပညာတရား၊ ပွားများနည်းနာ၊ ဆည်းပူးရှာမူ၊ သဒ္ဒါသန်မြန်၊ မောဂ္ဂလာန်ခဲခက်၊ အနက်သျှင်ဘန်၊ အဘိဓာန်ကျမ်းမြတ်၊ ဝစနတ်ထိုထို၊ ဝိဂ္ဂိုဟ်ငံငံ၊ ဂဏ္ဌိနှုန်ပျို့သိမြင်" –

ဟု စပ်ဆိုထားသော လင်္ကာနှင့်အညီ မောဂ္ဂလာန်, အဘိဓာန်, ဂဏ္ဌိနှုန်ပျို့ကျမ်းများကိုလည်း သင်ကြားအားထုတ်ခဲ့ပါသည်။

ဖော်ပြပါကျမ်းစာများအပြင် ပထမကြီးတန်းဆိုင်ရာ ဘာသာရပ်များကိုလည်း သင်ကြား အားထုတ်ခဲ့ပါသည်၊ ယင်းသို့ သင်ကြားအားထုတ်၍ မြန်မာသက္ကရာဇ် ၁၃၃၄-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၇၃-ခုနှစ်တွင် ပထမကြီးတန်းကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့ပါသည်။

အောင်မြင်သည်ဟု ဆိုရာ၌ ရိုးရိုးသာမန် အောင်မြင်ခဲ့သည် မဟုတ်ပဲ တနိုင်ငံလုံး ဖြေဆိုအောင်မြင်သူ ( ၃၁၀ ) ပါးထဲမှ အမှတ်အများဆုံးဖြင့် ပထမရရှိကာ "ပထမကျော်" ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်ခဲ့ပါသည်။

အရှင် ဣန္ဒာစာရသည် ပထမငယ်တန်း, ပထမလတ်တန်း, ပထမကြီးတန်း သုံးတန်းသုံးဆင့်လုံး၌ အမှတ်အများဆုံးဖြင့် "ပထမ" ချည်း ရရှိကာ အောင်မြင်ခဲ့သဖြင့် ပထမပြန်သမိုင်းတွင် ထူးခြားသော မှတ်တိုင်ကို စိုက်ထူခဲ့သော ပုဂ္ဂိုလ်ထူးတပါးဖြစ်ပါသည်။

အရှင်ဣန္ဒာစာရသည် မိမိ၏ဉာဏ်အား လုံ့လအားကို အရင်းတည်၍ အရှင်ဝဏ္ဏသိရီ အမှူးရှိသော စာချဆရာတော်များ၏ သင်ကြားပို့ချမှုကို ရခဲ့သဖြင့်လည်းကောင်း၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ပရိယတ်တာဝန်ကို ထမ်းဆောင်နိုင်ရန် သန်လျင် မြို့တော်သူ, မြို့တော်သားတို့၏ ထောက်ပံ့ ကူညီမှုကို ရယူခဲ့သဖြင့်လည်းကောင်း ပထမကျော်ဘွဲ့ထူးကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

ယင်းသို့ရခဲ့သဖြင့် တိုက်တာ၏ဂုဏ်သတင်း, မြို့တော်၏ ဂုဏ်သတင်း သည် မြန်မာပြည်တဝန်းလုံး ပျံ့နှံ့ကျော်စောခဲ့ပါသည်။

အရှင်ဣန္ဒာစာရသည် မိမိအရင်းတည်ခဲ့သော ဥာဏ်စွမ်း, ဝီရိယစွမ်း ဖြင့်ပင် ကျေးဇူးရှင် မိဘနှစ်ပါးအားလည်းကောင်း၊ ဆရာအဆက်ဆက် နှင့်ဤပထမပြန် စာသင်တိုက်မှ ဂဏဝါစက စာချဆရာတော်တို့အား လည်းကောင်း၊ မြို့တော်သူ မြို့တော်သားတို့အားလည်းကောင်း တစိတ် တဒေသအားဖြင့် ကျေးဇူးဆပ်သည် မည်ပါသည်။

ပညာရှိသော ပုဂ္ဂိုလ်တို့၏ သဘောသည် ဗဟုသုတဖြင့် ရောင့်ရဲတင်း တိမ်ခြင်းမရှိ၊ အထက်အထက်သို့သာ တိုးတက်၍ ဗဟုသုတကို လိုလား လေ့ရှိသည့် ဓမ္မတာ သဘောအတိုင်း ပထမကျော် ဘွဲ့ထူးကို ဆွတ်ခူးခဲ့ သော အရှင်ဣန္ဒာစာရသည်လည်း အထက်အထက် ကျမ်းစာများကို သင်ကြားရန်အတွက် သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ဆရာတော်များ၏ စီစဉ်ပေးမှုဖြင့် ၁၃၃၆-ခုနှစ်တွင် မန္တလေးမြို့ မြတောင် တိုက် ပဒေသာရွှေကျောင်းသို့ ပြောင်းရွှေ့နေထိုင်၍ အထက်တန်းစာပေ များကို သင်ကြားအားထုတ်ခဲ့ပါသည်။

မန္တလေးမြို့ မြတောင်တိုက် စာချဆရာတော် ဦးကေလာသာဘိဝံသ၊ ဦးသာသနာဘိဝံသ၊ ဦးစန္ဒိမာဘိဝံသ (သန်လျင်)၊မန္တလေးမြို့ ပေါက် မြိုင်တိုက် ဆရာတော် ဦးအဂ္ဂဝံသာဘိဝံသ၊ မန္တလေးမြို့ ဘေးမဲ့တိုက် ဆရာတော် ဦးသုမနာဘိဝံသ တို့ထံ၌ စာသင်တန်း, စာချတန်းဆိုင်ရာ စာပေများကို သင်ကြားအားထုတ်ပြီး စာမေးပွဲများကို ဆက်လက်ဖြေ ဆိုရာ—

၁၃၃၇-ခုနှစ်၌ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းမှ ကျင်းပ သော သကျသီဟစာသင်တန်းကို အမှတ်အများဆုံး (ပထမ) ဂုဏ်ထူး ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏ စာသင်တန်းကို (ဒုတိယ) ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ခဲ့ပါသည်။

၁၃၃၉-ခုနှစ်၌ ရန်ကုန်မြို့ စေတိယင်္ဂဏ စာချတန်းကို ကျမ်းပြီးအောင်မြင်သဖြင့် ( အရှင်ဣန္ဒာစာရာဘိဝံသ–စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယဂဏဝါစက ) ဘွဲ့ကိုလည်းကောင်း၊

၁၃၄၁-ခုနှစ်၌ အစိုးရဓမ္မာစရိယတန်းကို တနှစ်တည်းဖြင့် ကျမ်းပြီးအောင်မြင်သဖြင့် ( အရှင်ဣန္ဒာစာရာဘိဝံသ–သာသနဓဇ ဓမ္မာစရိယ ) ဘွဲ့ကိုလည်းကောင်း၊

၁၃၄၃-ခုနှစ်၌ မန္တလေးမြို့ သကျသီဟစာချတန်းကို တပါးတည်း အမှတ်အများဆုံး (ပထမ) ဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် ( အရှင်ဣန္ဒာစာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ) ဘွဲ့ကိုလည်းကောင်း ရရှိတော်မူခဲ့ပါသည်။

မန္တလေးမြို့၌ ပိဋကတ်ကျမ်းစာများကို သင်ကြား၍ စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးနောက် ( ပထမကျော် + သကျသီဟ ဓမ္မာစရိယ+ စေတိယင်္ဂဏ ဓမ္မာစရိယ+ အစိုးရဓမ္မာစရိယ ) ဘွဲ့တို့ကို ရရှိပြီးသောအခါ သန်လျင်မြို့ မင်းကျောင်းဆရာတော်၏ အမိန့်အရ မိခင်တိုက်ရင်းဖြစ်သော မင်းကျောင်း ပထမပြန် စာသင်တိုက်၌ပင် သီတင်းသုံးလျက် နာယက ဆရာတော်များ၏ ဩဝါဒနှင့်အညီ စာသင်သား ရဟန်းသာမဏေတို့အား နေ့ဝါ ညဝါ စာပေများကို ပို့ချကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

၁၃၃၉-ခုနှစ်၌ ရန်ကုန်မြို့ စေတိယင်္ဂဏ စာချတန်းကို ကျမ်းပြီးအောင် မြင်သဖြင့် ( အရှင်ဣန္ဒာစာရာဘိဝံသ–စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက ) ဘွဲ့ကိုလည်းကောင်း၊

၁၃၄၁-ခုနှစ်၌ အစိုးရဓမ္မာစရိယတန်းကို တနှစ်တည်းဖြင့် ကျမ်းပြီး အောင်မြင်သဖြင့် ( အရှင်ဣန္ဒာစာရာဘိဝံသ–သာသနဓဇ ဓမ္မာစရိယ ) ဘွဲ့ကိုလည်းကောင်း၊

၁၃၄၃-ခုနှစ်၌ မန္တလေးမြို့ သက်ျသီဟစာချတန်းကို တပါးတည်း အမှတ်အများဆုံး (ပထမ) ဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် ( အရှင်ဣန္ဒာ-စာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ) ဘွဲ့ကိုလည်းကောင်း ရရှိတော်မူခဲ့ပါသည်။

မန္တလေးမြို့၌ ပိဋကတ်ကျမ်းစာများကို သင်ကြား၍ စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးနောက် ( ပထမကျော် + သက်ျသီဟ ဓမ္မာစရိယ+ စေတိယင်္ဂဏ ဓမ္မာစရိယ+အစိုးရဓမ္မာစရိယ ) ဘွဲ့တို့ကို ရရှိပြီးသောအခါ သန်လျင်မြို့ မင်းကျောင်းဆရာတော်၏ အမိန့်အရ မိခင်တိုက်ရင်းဖြစ်သော မင်းကျောင်း ပထမပြန် စာသင်တိုက်၌ပင် သီတင်းသုံးလျက် နာယက ဆရာတော်များ၏ ဩဝါဒနှင့်အညီ စာသင်သား ရဟန်း သာမဏေတို့အား နေ့ဝါ ညဝါ စာပေများကို ပို့ချကာ သာသနာ့တာဝန် များကို ထမ်းဆောင်လျက်ရှိပါသည်။